တပေစိဟန် တမူထူး

# ရွှေပြည်စိုးရဲ့ တေးသံသာ

ကလေးကဗျာများ၊

## ဧပြုလက်ဆောင်ဖြိုးသူ



၂၀၀၄ ခုနှစ်၊ စာပေဗိမာန်စာမူဆု

ကလေးစာပေ တတိယဆုရ

# ရွှေပြည်စိုးရဲ့ တေးသံသာ ကလေးကဗျာများ

မြေလတ် မောင်မြင့်သူ

စီစဉ်တည်းဖြတ်သူ - တက္ကသိုလ် ဆန်းတင့်နိုင်

စာတည်း

အဖုံးပန်းချီ - အောင်သန့်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၀၇ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀

တန်ဖိုး ( ၃၅၀ ) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်)က

မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ပုံနှိပ်၍

မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မာတိကာ

| စဉ် | ကဗျာအမည် | စာမျက်နှာ |
| --- | --- | --- |
| | ဦးနိုက်ကန်တော့ပါသည်။ | |
| ၁။ | ရွှေပြည်စိုးရဲ့တေးသံသာ | ၁ |
| ၂။ | အမေ့အိမ် | ၂ |
| ၃။ | ပန်းတော်ကပ်တဲ့ မင်္ဂလာ | ၃ |
| ၄။ | တကူကျူးတေး | ၄ |
| ၅။ | ပန်းသပြေ | ၅ |
| ၆။ | ကျီးကန်း | ၆ |
| ၇။ | ကြက်တူရွေးနဲ့ သာလိကာ | ၇ |
| ၈။ | ကြက်မိခင် | ၈ |
| ၉။ | ခေါင်းလောင်းတေး | ၉ |
| ၁၀။ | မေမေ့မျက်နှာ | ၁၀ |
| ၁၁။ | နံ့ပြည်စုတ်လေး တေးသံချို | ၁၁ |
| ၁၂။ | လူလေးရဲ့ နာရီ | ၁၂ |
| ၁၃။ | ဇန်နဝါရီအလင်းနဲ့ တို့လွတ်လပ်ရေး | ၁၃ |
| ၁၄။ | နိဗ္ဗာန်ဆော် | ၁၄ |
| ၁၅။ | ဘုရားဂုဏ် | ၁၅ |
| ၁၆။ | တရားဂုဏ် | ၁၆ |

| | | |
|---|---|---|
| ၁၇။ | သံဃာဂုဏ် | ၁၇ |
| ၁၈။ | တန်ခူးရွှေနဲ့ ရေပွဲတော် | ၁၈ |
| ၁၉။ | သစ်သစ်လွင်လွင် | ၁၉ |
| ၂၀။ | ပင်လုံသီချင်း | ၂၀ |
| ၂၁။ | ညောင်ရေသွန်းတဲ့ လကဆုန် | ၂၁ |
| ၂၂။ | နမ္မာ | ၂၂ |
| ၂၃။ | စကားထာ | ၂၃ |
| ၂၄။ | စာပြန်ပွဲနဲ့ လနယုန် | ၂၄ |
| ၂၅။ | ရပ်ဝေးဆီသို့ ခေါင်းလောင်းတေး | ၂၅ |
| ၂၆။ | သာနဲ့ သမီး | ၂၆ |
| ၂၇။ | တရားဦးဟောတဲ့ လဝါဆို | ၂၇ |
| ၂၈။ | ဝုတ်ဝုတ်နဲ့ ညောင်ညောင် | ၂၈ |
| ၂၉။ | အလေ့အကျင့် | ၂၉ |
| ၃၀။ | ရေဖောင်ဖောင်နဲ့ လဝါခေါင် | ၃၀ |
| ၃၁။ | တီဗီဂိမ်းနဲ့ ဖေဖေ့သား | ၃၁ |
| ၃၂။ | သိလျှင်ပြောပါ | ၃၂ |
| ၃၃။ | တော်သလင်းနဲ့ လှေပွဲတော် | ၃၃ |
| ၃၄။ | တွက်ကြည့်ရအောင် | ၃၄ |
| ၃၅။ | တမာရိပ်က ရေသီတာ | ၃၅ |

၃၆။ သီတင်းကျွတ်နဲ့ မီးရောင်စုံ ၃၆

၃၇။ စိတ်ကူးထဲက သားကမ္ဘာ ၃၇

၃၈။ မွေခံထိုက်စေ ၃၈

၃၉။ ကထိန်ပွဲနဲ့ တန်ဆောင်တိုင် ၃၉

၄၀။ မြွေအန္တရာယ် ၄၀

၄၁။ ဖိုးတာတီးနဲ့ မမည်းတူ ၄၁

၄၂။ လနတ်တော်နဲ့ လက်တွဲဖော် ၄၂

၄၃။ ၁ လုံးလေးနဲ့ ညီအစ်ကို ၄၃

၄၄။ အမွေခံသားတို့ မနက်ဖြန် ၄၄

၄၅။ နွားညိုလေးနဲ့ လပြာသို ၄၅

၄၆။ ကြီးတော် ပလုတ်တုတ် ၄၆

၄၇။ ၁ လုံး ညီညီ ၄၇

၄၈။ တပို့တွဲနှင့် ထမနဲ့အလှူ ၄၈

၄၉။ ညီစေ ၄၉

၅၀။ အတွေး ၅၀

၅၁။ လတာပေါင်းနဲ့ အောင်ပွဲခွေ ၅၁

၅၂။ သတ်ပုံကျော နမူနာ (၁) ၅၂

၅၃။ သတ်ပုံကျော နမူနာ (၂) ၅၃

၅၄။ ချစ်ဖို့ကောင်းတာပေါ့ ၅၄

၅၅။ တို့အလဲ ၅၅

၅၆။ လက်တွဲဖော် ၅၆

၅၇။ ဝိုင်းကြီးပတ်ပတ် ၅၇

၅၈။ ဖော်မနုံတေား ၅၈

၅၉။ အတုမြင်လို့ အတတ်သင် ၅၉

၆၀။ ဆိုးမဲ မသုတ်နဲ့ ၆၀

၆၁။ မနှင်းဆီ ၆၁

၆၂။ ဝလုံး ကမ္ဘာ ၆၂

၆၃။ လက်ဆုံစားဝိုင်း ၆၃

၆၄။ ဆွေမျိုးရင်းချာ ၆၄

၆၅။ တစ်နေ့တာ ၆၅

၆၆။ လက်ထဲက မား ၆၇

၆၇။ နေရောင်ခြည်နဲ့ အားမာန်သစ် ၆၈

၆၈။ မျက်စိမှာရေ သွားမှာဆား ၆၉

၆၉။ အိမ်နီးချင်း ၇၀

၇၀။ အစိတ်နေ့ ၇၁

၇၁။ အတွင်းအပြင် ၇၂

၇၂။ အလိမ္မာလေး ၇၃

၇၃။ မေမေ့သား ၇၅

၇၄။ ချည်းအက္ခရာ ကဗျာ (၁) ၇၆

၇၅။ ချည်းအက္ခရာ ကဗျာ (၂) ၇၇

၇၆။ ချည်းအက္ခရာ ကဗျာ (၃) ၇၈

၇၇။ ချည်းအက္ခရာ ကဗျာ (၄) ၇၉

၇၈။ ချည်းအက္ခရာ ကဗျာ (၅) ၈၀

၇၉။ ချည်းအက္ခရာ ကဗျာ (၆) ၈၁

၈၀။ အင်္ဂလိပ်စာ တိုးအောင် ၈၂

၈၁။ ကံမိုးရွာအောင် ၈၃

၈၂။ ကျေးဇူး မေတ္တာ ၈၄

၈၃။ ပြန်တွေ့ကြပါဦး ၈၅

၈၄။ ပညာဘဏ်တိုက် ၈၆

၈၅။ အလီဆိုရင်း စာကျက်မယ် ၈၇

၈၆။ သစ်ပင်စိုက်ကြစို့ ၈၈

၈၇။ ဆေးလိပ်ရှောင် ၈၉

၈၈။ ဘုန်းဘုန်း စိတ်လိမ်မယ် ၉၀

၈၉။ မြန်မာ့စိတ်ရင်း ၉၁

ပဋ္ဌဂုဏ်ံ အပာံ ဝန္ဒာမိ သဗ္ဗဒါ

ဦးခိုက်ကန်တော့ပါသည်။

ကျေးဇူးရှင် မိဘနှစ်ပါးနှင့်တကွ အခြားသော ကျေးဇူးရှင်များအပြင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းတို့အား ဤကဗျာစာအုပ်ဖြင့် ဦးခိုက်ကန်တော့ပါသည်။

မြေလတ် မောင်မြင့်သူ

တောင်လေနဲ့ကာ မြောက်လေပင့်
စံပယ် မျက်တောင်ဖွင့်။
ဖူးတံဝင့်လို့ ဝတ်မှုန်စီ
ညင်းလေမွှေ့ကာချီ၊
ရောင်နီဖြာဖို့ အရုဏ်ပျိုး
လာပေါ့ ရွှေပြည်စိုး။
ရွှေပြည်စိုးရဲ့ မိုးလင်းသံ
နိုးထအချိန်မှန်၊
အရပ်ဂုဏ်တော် တတွတ်တွတ်
ယံမင်္ဂလံရွတ်။
နှင်းရည်ဆွတ်လို့ အမျှဝေ
အားလုံးမာပါစေ၊
မေတ္တာခြွေတဲ့ မနက်ခင်း
မင်္ဂလာနဲ့သင်း။
ငှက်သီချင်းနဲ့ စာကျက်သံ
လှဖို့ မနက်ဖြန်၊
နားဝင်ပီယံ ဘဝင်အေး
ရွှေပြည်စိုးရဲ့တေး။ ။

# အမေ့အိမ်

နံနက်ချိန်မှန် စောစွာထစို့
ဩကာသလို့ ရှိုးနှိမ်။
ဘုရားစင်မှာ ရောင်ခြည်အဆင်းနဲ့
ဝင်းဝင်းလက်လက် ဆီမီးထိန်။
ဗုဒ္ဓရှင်ကို အာရုံမှန်းလို့
ဆွမ်းပန်းရေချမ်း ကပ်လှူချိန်။
အမျှဝေကာ ကြေးစည်ထုပေါ့
သာဓု သာဓု ခေါ်သုံးကြိမ်။
ယဉ်ကျေးမှုရာ ဓလေ့ထုံးနဲ့
နှလုံးချမ်းမြေ့ အမေ့အိမ်
အမေ့အိမ်.... အမေ့အိမ်။ ။

# ပန်းတော်ကပ်တဲ့ မင်္ဂလာ

ညခါပွင့်လို့ မနက်မှာလန်း
အိမ်ခေါင်းရင်းက စံပယ်ပန်း။
ဆူးတန်းလန်းနဲ့ ရဲရဲနီ
ပန်းအိုးထဲက လှနှင်းဆီ၊
မာလာသင်းကြည် ပွင့်ငုံဦး
ဆူးမစူးအောင်ခူး။
စံပယ်ခူးတော့ သတိဆောင်
မြွေပါး ကင်းပါးရှောင်၊
ဘုရားဂုဏ်ဆောင် အာရုံမှတ်
ပန်းတော်ဆက်လှူကပ်။
ထပ်တူအမျှ ကုသိုလ်ဝေ
သာဓုတေးသံမြွေ၊
ဝေးနီးနှစ်ထွေ ဆွေအများ
လှစေ မွေးစေသား။ ။

# တကူကူးတေး

နံနက်ဦးမှာ လေပြည်မြူးလို့
တကူကူးတဲ့ တေးသံသာ။
နေ့တိုင်းချိန်မှန် ကြားနေကျမို့
နားရည်ဝလည်း မရိုးပါ။
နှစ်ကောင်တွဲကာ အစာကောက်လို့
လူကြောက်တတ်တဲ့ ငှက်မျိုးပါ။
သူ့နယ် ကိုယ့်နယ် အနေခွဲသလို
ကျူးလာရင်လဲ ခွင့်လွှတ်မှာ။
ချိုးငှက်ဝဲပျံ့ စပါးနံ့လေးက
ငြိမ်းချမ်းရေးရဲ့ လက္ခဏာ။
ကိုယ့်မြေ ကိုယ့်ရေ ကိုယ့်ဆွေမျိုးတွက်
တယ်ချိုး မဖြစ်အောင် ရှောင်ကြပါ။
ဝန်းကျင်သာယာ ပန်းတွေဖူးဖို့
တကူကူးတေး ကူစမ်းပါ
ကူစမ်းပါ… ကူစမ်းပါ။ ။

# ပန်းသပြေ

သပြေ မညို့ ညောင်ရေအိုး
သပြေ ဝေအောင်ထိုး။
သပြေမျိုးနဲ့ ရိုးရာဟန်
သပြေ မြန်မာဆန်၊
သပြေမာန်နဲ့ ရန်ခြေမှောင်း
သပြေ ညောင်ရေလောင်း။
သပြေ ဆုတောင်း အောင်ပန်းဝေ
သပြေ ခညောင်းစေ၊
သပြေ ကျက်သရေ ပြည့်လုံးလန်း
သပြေ မြန်မာ့ပန်း။ ။

# ကျိုးကန်း

အမြဲလိုလို နှုတ်အာကြမ်းတဲ့
ကျိုးကန်းဆိုတဲ့ သတ္တဝါ။
တစ်ကိုယ်လုံးမှာ မည်းပြောင်လက်လို့
မီးသွေးခဲထက် သာ သဗျာ။
ဝမ်းဗိုက်တစ်ထွာ အစာတစ်လုတ်တွက်
အလစ်သုတ်တဲ့ ဗီဇပါ။
မန်ကျည်းနုရိမ့် သိုက်မြဲလို့
သူတို့ ဘဝ တို့လေ့လာ။
ညှို့သည်လာအောင် ကျီးသာ သလားလို့
စကား ဆိုကြ လူတို့ရွာ။
တစ်ကောင်ထိရင် ဝိုင်းအာတိုးကြ
အသံဆိုးက တာအာအာ။
မြင်အောင် ကြည့်ရင် ပညာတိုးသကွဲ့
အမျိုးချစ်တဲ့ ငှက်တွေပါ
အ အာ.... အ အာ။ ။

# ကြက်တူရွေးနဲ့ သာလိကာ

လူတွေခေါ်တိုင်း ထူးသံပေး
ရွှေ ကြက်တူရွေး။
မမေးဘဲနဲ့ ပလီပလာ
ပြောတဲ့ သာလိကာ၊
လူမှုနယ်မှာ စကားများ
သာလိကာ ဝင်စား။
သူများသင်မှ ပြောတတ်သူ
ကိုယ်ပိုင်ဉာဏ်မကူ၊
အဲဒီလူကို နာမည်ပေး
သူလည်း ကြက်တူရွေး။ ။

# ကြက်မိခင်

ကတော်···· ကတော်···· အော်သံပေးလို့
ဟိုပြေးသည်လွှား သားပျောက်ရှာ။
သားကလေးတွေ နိုဝင်နားလို့
ရင်အုပ်ကားကြီး ဖြန့်ကြက်ကာ။
ကွတ်···· ကွတ်···· မြည်ကာ သံစုံထွက်လို့
မြေမှာ သူယက် အစာရှာ။
လောဘနဲ့ယှဉ် အတ္တဖက်လို့
ကိုယ့်ဘက်ကိုယ့်ယက် ရက်စရာ။
ရန်သူနဲ့ ပြိုင် ရင်ဆိုင်ခွပ်လို့
သားတွေလွတ်ဖို့ သူမေတ္တာ
မိခင်ဟူသည် ယုတ်လတ်မရွေးဘု
အသက်ပေးလို့ ချစ်မြဲပါ
ချစ်မှာ···· ချစ်မှာ။ ။

## ခေါင်းလောင်းတေး

ခေါင်းလောင်းသံက တခေါင်ခေါင်
ခေါင်းလောင်း တေးလက်ဆောင်၊
ခေါင်းလောင်း အောင်သံ အမှောင်ခွင်း
ခေါင်းလောင်း အရောင်လင်း။
ခေါင်းလောင်း သီချင်းနဲ့ စာကျက်သံ
ခေါင်းလောင်း ဘဝဂ်ညံ၊
ခေါင်းလောင်း သံနဲ့ ပန်းတွေမွှေး
ခေါင်းလောင်း ပညာပေး။
ခေါင်းလောင်း သံတေး အေးကင်းကွာ
ခေါင်းလောင်း အေးရိပ်မှာ၊
ခေါင်းလောင်း မင်္ဂလာ သာစေကြောင်း
ခေါင်းလောင်း သံချိုညောင်း။ ။

# မေမေ့မျက်နှာ

မေမေ့ရဲ့ မျက်နှာ
လဝါဝါ ဆိုပါတော့။
တိမ်အလယ်
စိန်ကြယ်လို မျက်တောင်တံခါး
ဖွင့်ထားမှာပေါ့။

မေမေ့ရဲ့ မျက်နှာ
ပန်းမာလာ ဆိုပါတော့။
နေမဝင် ဝတ်မှုန်ကြားမှာ
လိပ်ပြာလို တောင်ပံကား
နိုးနားမှာပေါ့။ ။

# နံ့ပြည့်စုတ်လေး တေးသံချို

ကြားရတိုင်းမှာ နားစည်ကွဲအောင်
ဘာငှက်လည်းကွဲ့ ပြောစမ်းပါ။
သံသေးသံကြောင် အကုန်ထုတ်လို့
နံ့ပြည့်စုတ်တဲ့ သဘ္ဘဝါ။
နှုတ်သီးချွန်ချွန် အကောက်လေးနဲ့
အကောင်သေးလည်း အသံစွာ။
အသံကြားရင် အကောင် ရှိမကွဲ့
ရှာကြည့်တော့လည်း မလွယ်ပါ။
နံ့ပြည့်စုတ်ကို အမြှောက်ထုလို့
စကားပုံပြု လူတို့ရှာ။
စွာတာ စွာတာ မြည်သံလေးနဲ့
ကဗျာရေးဖွဲ့ ချိုတေးသာ
ရေးမှာ.... ရေးမှာ။ ။

# လူလေးရဲ့နာရီ

အိပ်ရာထလို့ စာကျက်ရန်
နာရီ မကြည့်ပြန်၊
ချိုးကွသံနဲ့ ငှက်သံကြား
ကြည့်ဖို့ လိုမလား။

ကျောင်းတက်သွားဖို့ အချိန်မှန်
နာရီ မကြည့်ပြန်
ကြေးစည်သံနဲ့ ဆွမ်းခံသွား
ကြည့်ဖို့ လိုမလား။

ခြေလက်ဆေးလို့ အိပ်ချိန်တန်
နာရီ မကြည့်ပြန်၊
တီဗွီဆုံး တိတ်တိတ်လို့သွား
ကြည့်ဖို့ လိုမလား။ ။

စရိုက်အဖျင်းတွေနဲ့
မိုက်တွင်းနက် သူ့လက်တွင်း။
ခဏတာ ရေတစ်ပွက်
အသက်မရှင်။
လွှတ်လပ်ရေး တိုက်ပွဲဝင်
ရှေ့တန်းတင် ညီညွတ်အား။
နှောင်ရေးကိုရည်
အောင်စေး ငြိုင်တူသီလို့
ဇန်နဝါရီ ရောင်ခြည်အလင်းနဲ့
တို့မြန်ပြည် ဝါဝါဝင်းအောင်
လင်းခဲ့တာကား။ ။

# နိဗ္ဗာန်ခေါ်

ဥပုသ်နေ့မှာ ကြားရစမြဲပေါ့
နားဝစွဲအောင် တကြော်ကြော်။
လေးနာရီဆို အသံပေးလို့
ကြေးစည်လေးက သူ့အဖော်။
ရွာလမ်းတကာ ကွေ့ကာပတ်လို့
အထပ်ထပ်နဲ့ ဟစ်ကာအော်။
အရက်ဆွမ်းတော် လောင်းလှူကြဖို့
အပေါင်းဟူသမျှ လက်တွဲခေါ်။
နောင်ဝေ နောင်ဝေ ကြေးစည်ထုလို့
သာဓုပါကွဲ့ နိဗ္ဗာန်ခေါ်
နှိုးခေါ်.... နှိုးခေါ်။ ။

# ဘုရားဂုဏ်

ဣတိပိသော ဘဂဝါ
နေ့စဉ်ရွတ်ဆိုပါ၊
ဘုရားစင်ရှေ့မှာ လက်စုံမိုး
ရှိသေစွာရှိခိုး။
သဒ္ဓါ မြတ်နိုး စိတ်အာရုံ
ကိုးပါး ဘုရားဂုဏ်၊
ယုံယုံကြည်ကြည် ပူဇော်တော့
ကုသိုလ်ရတာပေါ့။   ။

# တရားဂုဏ်

ဘုရားဂုဏ် ပြီးတော့ နောက်တစ်ခါ
တရားဂုဏ်တော်ပါ၊
ရွတ်ပါ ဆိုပါ သွက္ခာတော
ဘဂဝတာ ဓမ္မော။
နေ့ရော ညပါ ရွှင်ပျော်ပျော်
ရှိခိုးကာ ပူဇော်၊
တရားဂုဏ်တော် ခြောက်ပါးရှိ
ကုသိုလ်ထူးပါ၏။ ။

# သံဃာဂုဏ်

တရားဂုဏ်ပြီးတော့ ဆက်ဦးမယ်
သံဃာ ဂုဏ်တဲ့ကွယ်၊
နေ့စဉ်ရွတ်မယ် နှုတ်မမော
သုပ္ပဋိ ပန္နော။
ကောင်းသောစိတ်နဲ့ ကြည်ညိုကုန်
ကိုးပါးသံဃာဂုဏ်၊
ယုံကြည်မှုနဲ့ ဂါရဝ
ပူဇော်ထိုက်လို့ ပူဇော်ကြ။
ကုသိုလ်ဆိုတာ ယူတတ်မှ။ ။

# တန်ခူးနွေ နဲ့ ရေပွဲတော်

ရော်ရွက်ဝါကြွေ လေပွေနှောက်တော့
တဖြောက်ဖြောက်ကျ မြေပြင်ပေါ်။
နှစ်ဟောင်းအကုန် နှစ်သစ်ကူးမယ့်
တန်ခူးနွေနဲ့ ရေပွဲတော်။
ပိတောက်ပွင့်ချိန် ဝါဝါဖူးလို့
ရွှေရည်လူးတဲ့ အခါနော်။
စတုဒိသာ သင်္ကြန်ပွဲနဲ့
ရှင်သန်နွဲ့ကြ ရပ်တိုင်းကျော်။
မြန်မာ့ရိုးရာ စဉ်လာထုံးကွဲ့
မင်္ဂလာနှလုံးနဲ့ လူတိုင်းပျော်
ပွဲတော်.... နွဲ့ပျော်။ ။

## သစ်သစ်လွင်လွင်

အဝတ်အစား သစ်သစ်တွေ
မဝတ်ရလျှင်နေ၊
ဝတ်နေကျကို ဖြူအောင်ဖွပ်
သန့်သန့်စင်စင်ဝတ်။
စာအုပ်ကိုလည်း ရှိသောကွယ်
အဖုံးကပ်ရမယ်၊
မောင်ညီမငယ် အတန်းတက်တော့
အသစ်ရတာပေါ့။ ။

# ပင်လုံသီချင်း

ဓာတ်မာန် ရဲရဲတောက်
သွေးဖောက်လို့ သစ္စာဆို။
တစ်ပါးကျွန် နွံအတွင်း
ဆင်းဖို့မလို။
တို့မောင်နှမ ညီအစ်ကို
လက်ရေစို မခြောက်တမ်း။
အရေးတကယ်ကြုံတော့
ရွှေပင်လုံ ညီညွတ်ရေးကို
သီကြွေးကာ အလေးပြု
ရှေးရှု လျှောက်လှမ်း။ ။

# ညောင်ရေသွန်းတဲ့ လကဆုန်

နေမင်းသူရိန် ထိန်ထိန်လင်းတော့
ပူရှိန်ပြင်းပြ စွေ့စွေ့ခုန်။
မြတ်ပန်း စကားဝါ ငုံအာဖူးကြ
မိုးသားကျူးစ လေရူးသုန်။
ဆည်မြောင်း ချောင်းကန် ရေကုန်ခန်းလို့
မှတ်တမ်းစာဖွဲ့ လွမ်းမျိုးစုံ။
ရိုးရာပွဲတော် ဖော်ကာညွှန်းမကွဲ့
ညောင်ရေသွန်းတဲ့ နိမိတ်ပုံ။
လပြည့် ကဆုန် ဘယ်မမေ့နဲ့
ဗုဒ္ဓနေ့မြတ် မှတ်ကြကုန်
လကဆုန် ···· အလှစုံ။ ။

# နမူနာ

သူများလှလှ ဝတ်တာကို
ကိုယ်က မျက်နှာအို၊
မနာလိုတဲ့ စိတ်အတွေး
ရုပ်သွင်လှဖို့ဝေး။

သူများဝဝ စားတာမြင်
ဝမ်းသာပီတိရှင်၊
မုဒိတာရှင် ကြည်လင်အေး
ကုသိုလ် ရုပ်ပျိုဆေး။ ။

# စကားထာ

မစိုက်ဘဲနဲ့ ပွင့်လန်းတယ်
ဘာပန်းတဲ့လဲကွယ်။
မခြယ်ဘဲနဲ့ ဆေးရောင်များ
ဘယ်လိုပန်းချီကား။
မသွားဘဲနဲ့ ရောက်တဲ့အရာ
ဝှက်တဲ့ စကားထာ၊
ကြယ်နဲ့ ဆည်းဆာ လူ့ရဲ့စိတ်
အဖြေစာအိတ် ဝိတ်မယ်လေး။ ။

# စာပြန်ပွဲနဲ့ လနယုန်

မြတ်လေးစံပယ် လေချိုသွေးတော့
ရနံ့ကလေး မွှေးထုံထုံ။
မေထုန်ရာသီ လယ်ယာဖြိုးဖို့
မုတ်သုံမိုးက ယိမ်းကခုန်။
ရိုးရာဘက်စုံ ဂုဏ်ဖော်ရွှဲတဲ့
စာတော်ပြန်ပွဲ ကျင်းပပုံ။
လပြည့်နယုန် မဟာဝုန်တောမှာ
ဗုဒ္ဓဟောတဲ့ တရားဂုဏ်။
မဟာသမယ ခေါ် သုတ္တန်အနှစ်ကို
ဧကန်အစစ် မှတ်ကြကုန်
မှတ်ကြကုန်.... မှတ်ကြကုန်။ ။

# ရုပ်ဝေးဆီသို့ ခေါင်းလောင်းတေး

ခေါင်းလောင်းသံ… ခေါင်းလောင်းသံ
ခေါင်းလောင်းထိုးသံ ခေါင်ဒင်ညံ
နဘံမိုးထိပျံ၊
မနက်ဖြန့်တွက် တောင်ပံခတ်
နိမိတ်တေးသံမှတ်။
အာဖဂန် အီရတ် ဒေသနေ
ရုပ်ဝေး ကျောင်းဖော်ဆွေ၊
ငါတို့မြေလို ခေါင်းလောင်းတေး
ကြားပါစေလို့ မေး။ ။

# သားနဲ့ သမီး

အမေတူ အဖေ့သား
ခန့်ညားတဲ့ ရုပ်သွင်ဖျို။
အမေတူ အဖေ့သမီး
ဘယ်ထီးမှ မလို။

သားအသက် ဓားတစ်လက်ပမာဆို
သမီးပျိုက အရိပ်အေး။

ရန်မူလို
ရန်သူကို ဓားနဲ့ဆီးပါလို့
ထီးမလို သည်အေးရိပ်မှာ
အပန်းဖြေ တွေးနိမိတ်ရယ်နဲ့
ချွေးသိပ်မယ်လေး။ ။

# တရားဦးဟောတဲ့ လဝါဆို

ဝဿာတစ်နို တိမ်ပြိုဆိုင်းလို့
အုံ့မှိုင်းညှိုမြ လဝါဆို။
ပုန်းညက်ဝေစီ လေပြည်သွေးတော့
ပျံ့ပျံ့မွှေးတဲ့ လဝါဆို။
ပလ္လင်းတော်ခံ အလှူမြတ်နဲ့
သင်္ကန်းကပ်ကြ လဝါဆို။
ဒိုးပတ်တေးသီ ကခုန်မြူးလို့
ပန်းခူးထွက်ကြ လဝါဆို။
မိဂဒါဝုန်မှာ ဓမ္မစက်ကို
ဗုဒ္ဓဟောမြွက် လဝါဆို
လဝါဆို.... လဝါဆို။ ။

# ဝုတ်ဝုတ်နဲ့ ညောင်ညောင်

သေချာမတွေး ညီငယ်တွေး
ကဗျာ အမှားရေး။
အစွယ် ဖွေးလို့ နားငြီးအောင်
ကုပ်ကျား တညောင်ညောင်၊
အမြီးထောင်လို့ လက်သည်းထုတ်
ပူစီတဝုတ်ဝုတ်။
ညောင်ညောင် ဝုတ်ဝုတ် လွဲတဲ့ကဗျာ
မှန်အောင် ပြင်ပေးပါ၊
ညောင်ညောင်မြည်ကာ အသံပေး
ပူစီကြောင်ကလေး။
ဟိုသည်ပြေးလို့ ဝုတ်ဝုတ်ဟောင်
ခွေးလေး ကုပ်ကျားမောင်၊
ညောင်ညောင် ဝုတ်ဝုတ် မှန်ပြီလား
ပူစီနဲ့ ကုပ်ကျား။ ။

# အလေ့အကျင့်

ကျောင်းဝင်းထဲတွင် ကောက်ရလျှင်
ခဲတံနဲ့ ဘောပင်၊
ဦးစွာအရင် သတိချပ်
ဆရာမကို အပ်။

လမ်းခရီးမှာ ကောက်ရလာ
ပစ္စည်းတိုအထွာ၊
ဦးစွာအရင်ည အသိကပ်
မိနှင့် ဖကိုအပ်။ ။

## ရေဖောင်ဖောင်နဲ့ လဝါခေါင်

သူငယ်ချင်းတွေ ပေါင်းဆွေခရီး
လောင်းလှေစီးလို့ သွားစို့မောင်။
ကွင်းပြင်ကျယ်ကျယ် ဟိုအဝေးမှာ
လှိုင်းတွေဖွေးလို့ ရေတွေဖောင်။
စပါးရွှေဝါ နှစ်ဖြာတိုးဖို့
ပျိုးပင်တွေက စိမ်းလဲ့အောင်။
မိုးနဲ့အပြိုင် ပွင့်ပုံဆန်းတဲ့
ခတ္တာပန်းက လှဂုဏ်ဆောင်။
စာရေးတံဆို အလှူပွဲနဲ့
တူပျော်ရွှဲကြ လဝါခေါင်
လဝါခေါင်.... လဝါခေါင်။ ။

# တီဗီဂိမ်းနဲ့ ဖေဖေ့သား

ကျောင်းကအပြန် လွယ်အိတ်သိမ်း
လှစ်ခနဲဆို တီဗီဂိမ်း။
တီဗီဂိမ်းမှာ အလွန်တော်
ကျောင်းစာကျတော့ ရှော်၊
ဂိမ်းမှာတော်တဲ့ ဉာဏ်ခွန်အား
စာမှာသုံးပါလား။
ဖေဖေ့စကား နားချိုလွင်
အမှားကို ပြုပြင်၊
ကျောင်းစာတွင် ဦးခေါင်းဓော
ပထမစွဲပေါ့။ ။

## သိလျှင် ပြောပါ

ကိုယ်ပြေးလျှင် သူပြိုင်ပြေးလို့
ကိုယ်နေးတော့ သူနေးတယ်။

ခုတစ်ခါ ကိုယ်လျှင် ရပ်တော့
သူရပ်နေတယ်။

မိုးပေါ်ကြည့် ရှိလိမ့်မယ်
ကြယ်တွေနဲ့ ဝင့်ကြွား။

သူမျက်နှာ ဝါဝါဝင်းလို့
သူကိုယ်ရောင် ညအမှောင်ခွင်းတယ်
မင်း သိရဲ့လား။ ။

# တော်သလင်းနဲ့ လှေပွဲတော်

မြစ်ရေပြင်မှာ သင်ဖြူးခင်းလို့
တော်သလင်းလ ရာသီ "ကန်"။
ရေလျှာပေါ်မှာ အဆန်းဖြူနွဲ့တဲ့
ပန်းလှေပွဲက သဲမြိမ့်ညံ။
ယောက်ျားကောင်းတွေ လက်ရုံးအားနဲ့
အပြိုင်ကြွားတဲ့ မာန်ဝင့်ဟန်။
ယိုးယီးလေးအော် ညာသံပေးလို့
တက်ရေးပြတဲ့ လှော်ချင်းသံ။
ရိုးရာစဉ်လာ အမွေဖော်ထုတ်တဲ့
လှေလှော်သရုပ် အောင်ပွဲခံ
အောင်ပွဲခံ . . . . အောင်ပွဲခံ။ ။

# တွက်ကြည့်ရအောင်

စပါးတစ်ဖျာ ဝင်းဝင်းဝါ
အိမ်ရှေ့တလင်းမှာ၊
သူ့ထက်ငါ လုယက်စား
ငါးကောင် ကြက်ငယ်များ။
တောင်ပံကားနဲ့ ဝင်ရောက်လာ
ကျီးကန်း တစ်ကောင်ပါ၊
ညီစာစာနဲ့ စကားများ
ဆက်ရက် နှစ်ကောင်နား။
သားသား မီးမီး လက်ချောင်းထောင်
အားလုံး ဘယ်နှစ်ကောင်
အဖြေမှန်အောင် သေချာစစ်
ကြက်ငါး ကျီးတစ် ဆက်ရက်နှစ်
ပေါင်းတော့ ဘယ်လောက်ဖြစ်။ ။

# တမာရိပ်က ရေသိုတာ

အဘွားစိုက်တဲ့ တမာပင်
အဘိုး ရေချမ်းစင်၊
အပန်းဖြေချင် နားပါလို့ (လှည့်)
ရေကြည်သောက်ပါကွဲ့။
အဘိုးခပ်တဲ့ ရေသိုတာ
အဘွား စေတနာ
အဘွား တမာရိပ်ဟာလဲ
အဘိုး မေတ္တာကဲ
ဒါကြောင့် အေးတာပဲ။ ။

## သီတင်းကျွတ်နဲ့ မီးရောင်စုံ

တစ်ဝါကုန်စင် ကင်းကွာလွတ်ပေါ့
သီတင်းကျွတ်လ မင်္ဂလာ။
သူ့အိမ်ကိုယ်အိမ် မီးထိန်လင်းတဲ့
ဝင်းဝင်ပြက်ပြက် ရောင်စုံဖြာ။
ကြာမျိုးငါးမည် ကြိုင်လှိုင်သင်းလို့
ရွှင်းလှပ မြကန်သာ။
မိဘ ဆရာ အဘိုး အဘွားကို
ရိုးသားဂါရဝ ကန်တော့မှာ။
ဗုဒ္ဓမြတ်စွာ ကျေးဇူးဆပ်လို့
အဘိဓမ္မာနေ့မြတ် ဖြစ်ပေါ်လာ
မှတ်စရာ.... မှတ်ပါ။ ။

# စိတ်ကူးထဲက သားကမ္ဘာ

ဂျက်လေယာဉ်ကြီး ကောင်းကင်ယံ
အင်ဂျင်စက်နဲ့ ပျံ၊
သိပ္ပံပညာ မြေရာအနှံ့
တိမ်ကြို တိမ်ကြားဆန့်။

လိပ်ပြာပိတုန်း လေမှာဆန်
တောင်ပံဝဲလို့ပျံ၊
ဥယျာဉ်ပန်းခြံ မြေလွှာအနှံ့
ဝတ်မှုန်ခရီးဆန့်။

သားသားကလေး တွေးလို့ကြံ
မြေမှာလျှိုးလို့ မိုးကိုပျံ၊
အစုန်အဆန် နေရာအနှံ့
စိတ်ကူးကမ္ဘာဆန့်။ ။

# မွေးခံထိုက်စေ

ထန်းပင်ကြီးတွေ ရှည်မျောမျော
ထန်းတောကြီး တဝေဝေ။

ပုဂံမြေ စေတီပုထိုး
လက်ညှိုးမသွေ။

ငါတို့ရဲ့ ဘဝအမွေ
အလှတွေ ရာထောင်သောင်း။

အမြင်မဝါးပါနဲ့
ထင်ရှားအနှစ်တွေ
တရားရှာ မဟာအရပ်ကိုဖြင့်
ဘွားတော်က သူ့မြေမကိုးတယ်
မျိုးမြတ်ခဲ့ကြောင်း။ ။

# ကထိန်ပွဲနဲ့ တန်ဆောင်တိုင်

လယ်ကွင်းတစ်ခို စပါးနှံဖုံးလို့
တန်ဆောင်မုန်းအလှ ဆီမီးဖြိုင်။
ဆောင်းဦးလေပြည် ကျီစယ်ဖြန်းတော့
ခဝဲပန်းလေး မွှေးနံ့ကြိုင်
မယ်ဇလီဖူးကို ခူးသုပ်စားလို့
ဆေးဝါးအဖြစ် ပေးကမ်းနိုင်။
ဗုဒ္ဓပူဇော် မသိုးသင်္ကန်းတွက်
လက်ခတ်သံလွှမ်း ဖြိုင်အဆိုင်။
ဘုံ့ပွဲကထိန် လှူဒါနနဲ့
သူငါ ပျော်ကြ မဆုံးနိုင်
အပြုံးလှိုင်.... အပြုံးလှိုင်။ ။

# မြွေအန္တရာယ်

ဒဂုံမြို့သစ် ကျွန်တော်နေ
ခဏခဏ တွေ့တဲ့မြွေ
ပေါင်းတွေ မြက်တွေ တရကြမ်း
မြွေတွေ့တာ မဆန်း။
ဖမ်းလား သတ်လား မလုပ်ချင်
မြွေလည်း မတွေ့ချင်၊
မေမေသင်တဲ့ မေတ္တာသုတ်
ဖေဖေသင်တဲ့ ခန္ဓသုတ်
ပေါင်းမြက်ခုတ်ရှင်း ရွတ်ဆိုတော့
မြွေအန္တရာယ် ကင်းတာပေါ့။ ။

# ဖိုးတာတီးနဲ့ မမည်းတူ

ဖိုးတာတီးလေး ပေတေတေ
လူကြီးသူမ မရှိသေ၊
အဖေအမေ မသင်ကြား
ဒါကြောင့် ရိုင်းတာလား။

မမည်းတူလည်း ရန်စွာကျယ်
နှုတ်အာ စိတ်ကြမ်းတယ်၊
မိရယ် ဖရယ် မပြောကြား
ဒါကြောင့် ရိုင်းတာလား။

လောကလူထဲ မမှတာ
သားနဲ့ သမီး မလိမ္မာ၊
ပြောဆိုစရာ ဖြစ်လာတော့
မိဘခေါင်းပဲပေါ့။ ။

## လနတ်တော်နဲ့ လက်တွဲဖော်

ရှေးကစာဆို ကြည်ညိုလွမ်းပေါ့
မှန်းဆန်းလှော်တဲ့ လနတ်တော်။
ဆောင်းလှသခင် သစင်ခက်နဲ့
ပင်ယံထက်က ဘာကိုမျှော်။
ထူးချွန်စာဆို ဆုမွန်နှင်းလို့
သူ့ဂုဏ်သတင်း တိုင်းလုံးကျော်။
စာပေအရောင် တန်ဖိုးမြင့်မှ
လူမျိုးဂုဏ်တင့် ဝင့်မယ်နော်။
မလှဘာသာ မတိမ်ကောအောင်
သူရောငါရော လက်တွဲခေါ်
အမြဲနော်.... တွဲခေါ်။ ။

## ဝ လုံးလေးနဲ့ ညီအစ်ကို

ဝလုံးကလေး ဝိုင်းဝိုင်းရေး
ညီလေးသင်ခါစ။
ဝ ကိုအောက်က ဖျက်ကြည့်လျှင်
ဂ ငယ် တလုံးမြင်၊
ဝ ကို တမင် ထပ်ကာကြော့
ညာဘက်က ဖျက်တော့။
အဲဒါ င ပေါ့ ညီလေးရာ
အလွယ်ကလေးပါ၊
ဝ ကို တစ်ခါ အပေါ်က ဖျက်
ပ ကောက်လေးပက်လက်။
ဆက်ကာ ဆက်ကာ ဆိုကြည့်ပါ
ဝ၊ ဂ၊ င၊ ပ ချစ်စရာ၊
အက္ခရာတွေ ဘယ်လိုကွဲ
ဝနဲ့ ညီအစ်ကိုပဲ။ ။

## အမွေခံသားတို့ မနက်ဖြန်

မြန်မာတို့ ပုဂံပြည်
နှလုံးရည်နဲ့ လက်ရုံးကောင်း။
အနော်ရထာ ကျန်စစ်သား
ထင်ရှားကောက်ကြောင်း။

ရွှေဘိုမြင်း ခွါသံပြောင်
ကုန်းဘောင်ခေတ် အလောင်းဘုရား။
ဘုရင့်နောင် တောင်ငူသွေး
ဓားရေးဝင့်ကြွား

ဇာနည်မျိုး အမွေခံ
မနက်ဖြန် ရောင်ခြည်ထွန်း။
ဗန္ဓုလလို သတ္တိအသည်းနဲ့
ရဲစိတ်မော်ကွန်း။ ။

## ရွာညိုတေးနဲ့ လပြာသို

ငွေနှင်းစိုစို ပြောင်းကာကြွမယ့်
ဆောင်းခါသမယ လပြာသို။
အရှိုးထိအောင် စိမ့်ယိုချမ်းတဲ့
အလွှမ်းကာလ နေ့တာတို။
လဆုတ်ပြာသို ရက်မွန်ကိုးမှာ
သူ့ကျွန်ဘဝမျိုး တို့မလို၊
တိုင်းရင်းသားတွေ ညီညွတ်အလင်းနဲ့
လွတ်လပ်သီချင်း သံချိုချို။
မှတ်ကြအစဉ် ဘယ်ယာပိုဝေးအောင်
ရွှါညိုတေးလို့ စာဖွဲ့ဆို
ဖွဲ့ဆို.... ဖွဲ့ဆို။ ။

မှတ်ချက်။ ၁၃၀၉ ခု ပြာသိုလဆုတ် (၉) ရက် = ၁၉၄၈ ခု၊ ဇန်နဝါရီ
(၄) ရက်၊ မြန်မာ့လွတ်လပ်ရေးရသည့်နေ့။

## ကြီးတော် ပလုတ်တုတ်

ရက်ကျော်ရှာကျော် တို့ကြီးတော်
အယောင် နာမည်ကျော်၊
တို့ကြီးတော်ကို ဝိုင်းလို့စ
လူတွေ ပျော်ရွှင်ကြ။
သူ့ယောင်သမျှ တကြော်ကြော်
မဟုတ်မဟတ် အော်၊
ကြီးတော်အလစ် ခါးကိုပုတ်
"ဟဲ့ကောင် ပလုတ်တုတ်"။
မလုပ်ပါနဲ့ မောင်တို့ရယ်
မယောင်တော့ဘူးကွယ်၊
တကယ်လားဆို ခါးကိုပုတ်
"ဟဲ့ကောင် ပလုတ်တုတ်"။ ။

# ဝလုံးညီညီ

တစ်လုံးနှစ်လုံး သုံးလေးလုံး
ဝလုံး စီရီကုံး။
ရေးလို့မဆုံး အခါခါ
ဝ လုံး ညီညီညာ၊
ဝ လုံး သေချာ ကျွန်တော်ရေး
လက်ရေးလှဖို့တွေး။
လက်ရေးလှမှ စိတ်လှဆို
ပြောကြ လူထိုထို၊
စိတ်လှလို့သူ လူအရင်း
ကျွန်တော့်နာမည် သွင်းပါလေး။ ။

# တပို့တွဲနဲ့ ထမနဲအလှူ

နှာရည်ယိုယို စိုစိုရွဲလို့
ထန်းနို့ လှိုင်ကဲ ကုံရာသီ။
မျှော်ရှုလေရာ ပြာရီညို့ပေါ့
တိမ်လွှာမှိုင့်မှို့ စာပန်းချီ။
ဆောင်းနှောင်းညခါ ချမ်းတုန်အေးလို့
စောင်ခြုံကွေးလည်း မနွေးပြီ။
တောနှင့် တောင်စွယ် နီတာရဲလို့
ပေါက်လဲပွင့်တို့ စီစီရီ။
မလှေ့ရိုးရာ အလှူပွဲက
ထိုးကြထမနဲ တွဲလက်ညီ
နွဲမည်.... တွဲညီ။ ။

# ညီစေ

၁၊ ၂၊ ၃၊ ၄
တစ် နှစ် သုံး လေး
သမိုင်းပေး
ငါတို့ လွတ်လပ်ရေး။
၅၊ ၆၊ ၇
ငါး ခြောက် ခုနစ်
ခြေလှမ်းသစ်
သွေးကျွန်မခံမနစ်။
၈၊ ၉၊ ၁၀
ရှစ် ကိုး တစ်ဆယ်
ချစ်ကြိုးသွယ်
ပြည်ထောင်စုသွေး မွေးရမယ်။ ။

## အတွေး

အမှေ့ချက်မှာ နေအလင်း
အဆင်းက စိန်ရောင်။

အမှေ့ချက်မှာ လပြည့်ဝန်း
ရှန်းလှဲ့ ငွေရောင်

နေမင်းက သတ္တိဆောင်
လရောင်က မေတ္တာအေး။

မေ့သားမောင် ချစ်စနိုးနဲ့
မှိုးလုံးပြည့်တွေး။ ။

## လတပေါင်းနဲ့ အောင်ပွဲနေ့

ရော်ရွက်ဝါတွေ တောင်ပံဝဲလို့
ဝတ်စုံလဲတဲ့ တပေါင်းနေ့။
နေ့မှာပူကာ ညခါချမ်းလို့
ပြောစတမ်းတွင်တဲ့ တပေါင်းနေ့။
ဥဩငှက်အော် နှုတ်တယောနဲ့
လွှမ်းပုံပြောတဲ့ တပေါင်းနေ့။
နယ်ချဲ့ရန်ကို ငုံ့မခံဘဲနဲ့
တော်လှန်ရဲတဲ့ တပေါင်းနေ့။
လယ်သမားတောင်သူ ကျေးဇူးများကို
တင်စားဂုဏ်ပြု တပေါင်းနေ့။
မြန်မာပီပီ မြန်မာ့ရှေ့ဖို့
ဘယ်မမေ့တဲ့ တပေါင်းနေ့
တပေါင်းနေ့…. တပေါင်းနေ့။ ။

## သတ်ပုံကဗျာ နမူနာ (၁)

## ကု၊ ကူ၊ ကူး.. ခု၊ ခူ၊ ခူး

မကွေးတိုင်းမှာ မြို့စကု
ဆရာဝန်က ဆေးဝါးကု
သူမအားလျှင် ကိုယ်က ကူ
ချိုး သံလေးက ကူ၊
မိတ္တူ ကူးဖို့ လမ်းဖြတ်ကူး
ဘဦးရေ မကူး
မှတ်ပါ.... ကု၊ ကူ၊ ကူး။
တစ်ခု နှစ်ခု ညီအောင် ခု
သူ့အပေါ် စိတ်မခု၊
စားစရာက ဟင်းငါး ခူ
သီးနှံဖျက်တာ ပိုးကောင်ခူ၊
ထမင်းပူပူ အလျှင်ခူး
ပြီးမှ ပန်းဆွတ်ခူး
မှတ်ကွယ်..... ခု၊ ခူ၊ ခူး။ ။

## သတ်ပုံကဗျာ နမူနာ (၂)
## ကျိန်း ကြိမ်း၊ ချိန်း ခြိမ်း၊ ငြိမ်း

ကျောင်းကြီးပေါ်မှာ ဆရာတော် ကျိန်း
စာမရလို့ ဆရာက ကြိမ်း။

နှစ်ယောက်တွေ့ဖို့ အတူ ချိန်း
မိုးတွေ လေတွေ ခြိမ်း။

သေချာငြိမ်းလို့ မီးလည်း ငြိမ်း
ခုမှ ရင်ထဲ ငြိမ်း
ခုမှ စိတ်လည်း ငြိမ်း။ ။

# ချစ်ဖို့ကောင်းတာပေါ့

ကျောင်းတက်သွားဖို့ လွယ်အိတ်ပြင်
ဝတ်စားရိုးရိုးယဉ်၊
အိမ်ကထွက်လျှင် ပြုံးချိုသက်
မိဘကိုနှုတ်ဆက်။

စာသင်ခန်းထဲ ခြေလှမ်းဝင်
ဆရာမကိုမြင်၊
မင်္ဂလာပါ နှုတ်ချိုသွက်
လက်အုပ်ချီလျက်။

ပြုံးချိုသွက်တဲ့ ဟန်မူရာ
နှုတ်ဆက်မင်္ဂလာ၊
ယဉ်ကျေးမြန်မာ ပီသတော့
ချစ်ဖို့ကောင်းတာပေါ့။ ။

# တို့အလံ

အနီခံ အပြာဆင့်လို့
ဆယ့်လေးပွင့် ငွေကြယ်သဏ္ဍာန်
ဝိုင်းပတ်လည်ရံ။

အလယ်က စပါးနှံ
ပင်နှိမ်ယံစက်သွား။

အများအတွက်ဆို
တရားအသက်လိုပ
ခါးဖက်ဖော် နောင်ညီစုံတို့
ရွှေလက်ဆုံ ပေါင်းကာရ
အလေးပြုစို့လား။ ။

# လက်တွဲဖော်

စာအုပ်ခဲတံ လွယ်စရာမရွေး
သယ်ကာပေးတဲ့ ကျောင်းသွားဖော်။
ကျောင်းကားပေါ်မှာ တူပြိုင်စီးလို့
စတိုင်မကြီးတဲ့ ခရီးဖော်။
ဆရာမတွေ စာသင်ပြတော့
ဘေးက ထိုင်ငေး ကြည့်ကာမျှော်။
ကျောင်းဆင်းတဲ့ခါ ခေါင်းလေးမော့လို့
စိတ်ပေါ့ ကိုယ်ပေါ့ သူပြုံးပျော်။
သမီးအပေါ် စိတ်နေမပြောင်းတဲ့
မိတ်ဆွေကောင်းကွဲ့ တကယ့်အဖော်။
သူ့နာမည်ကို သဘောရိုးနဲ့
ကျောပိုးအိတ်လို့ အမြဲခေါ်
လက်တွဲဖော်.... လက်တွဲဖော်။ ။

# ဝိုင်းကြီးပတ်ပတ်

ကမ္ဘာကြီးက လည်ကာပတ်
အနောက်မှ အရှေ့ကိုပတ်။
တစ်ပတ်လည်ဖို့ တစ်ရက်ကြာ
သူ့ဝင်ရိုးပေါ်မှာ၊
မတ်တပ်လှည့်ကာ တစ်ခါထပ်
နေမင်းကြီးကိုပတ်။
နေကို တစ်ပတ်ပြည့်ဖို့ရာ
တစ်နှစ်ကြီးတောင်ကြာ၊
ကြာပေမယ့်လည်း မလျှော့ဘဲ
ဇွဲနှင့်ပတ်နေဆဲ။
ကမ္ဘာလိုပဲ ဝင်ရိုးမှာ
လည်ပတ် လစန္ဒာ၊
ကမ္ဘာကြီးကို ဘယ်လိုပတ်
တစ်လ တစ်ကြိမ် ပတ်။
ဝိုင်းကြီးပတ်ပတ် ဘယ်သူနိုင်
လနဲ့ ကမ္ဘာပြိုင်၊
အရှုံး အနိုင် မရှိဘဲ
ခုထိပြိုင်နေဆဲ။ ။

# ဖော်မစုံတေး

လေပြည်ညင်းညင်း ရနံ့သင်း
အလှန်နက်ခင်း။
ပြတင်းဖွင့်လို့ အလင်းဖြာ
ငှက်တေးဆိုသံသာ၊
ဆိုပါတော့လည်း တစ်ကောင်တည်း
ပလီပလာချွဲ။
အဖော်ကွဲလို့ ယောင်ပေပေ
တစ်ကောင် ဘယ်ရောက်နေ၊
အစာဖွေရင်း ခြေရာမှား
လမ်းပျောက်နေပြီလား။
သနားစိတ်နဲ့ နောက်နေမျှော်
တစ်ကောင်တည်းပဲနော်၊
ဖော်မစုံဘဲ ဆိုတဲ့တေး
ကြားသူ့ရင်မှာ ဆွေးတယ်လေး။ ။

# အတုမြင်လို့ အတတ်သင်

နွားလေးညွတ်ကာ ပုဆစ်တုပ်လို့
လက်အုပ်ကလေး ယို့ယို့မြင်။
ကြာဖူးလက်စုံ ထိပ်မှာမိုးလို့
ဘုရားရှိခိုး နေ့တိုင်းပင်။
ဘုရားပုံမြင် အာရုံညွတ်လို့
လွှတ်လပ်ပေါ့ပါး စိတ်ဖြူစင်။
ယဉ်ကျေးဘာသာ အလိမ္မာများလို့
ကုသိုလ်တရား ရစေချင်။
ဖေဖေ မေမေ အတုခိုးလို့
ရိုကျိုးဆီးကပ် အတတ်သင်
မှတ်အစဉ်.... အတတ်သင်။ ။

# အိုးမဲ မသုတ်နဲ့

ကျောင်းကဆင်းလို့ အိမ်ရောက်လျှင်
အိမ်စာမလုပ်ချင်၊
တီဗီရှေ့တွင် ဟစ်အော်ကြွေး
ကာရာအိုကေ တေး။
မိုက်ကလေးနဲ့ ဂိုက်ပေးဟန်
ကျောင်းစာ ချာတူးလန်၊
ဦးထုပ် နောက်ပြန် ဆောင်းပုံဆန်း
ဟစ်ဟော့ စတိုင်ဖမ်း။
မေးစမ်းပါရစေ ညီလေးရာ
ဘာလူမျိုးလဲကွာ၊
မိဘမျက်နှာ သိက္ခာမဲ့
အိုးမဲ မသုတ်နဲ့။ ။

# မနှင်းဆီ

ကိုယ့်အားကိုယ်ကိုး ကိုယ့်တန်ဖိုး
ရိုးသားဂုဏ်ရည် မနှင်းဆီ။
လှတစ်ဖက်သား မေတ္တာထား
သနားချစ်ကြည် မနှင်းဆီ။
ဆင့်တန်းမရွေး ကူညီဖေး
လေးစားယုံကြည် မနှင်းဆီ။
မူရာခလွှေ ယဉ်ပါမှ
သိမ်မွေ့ပေသည် မနှင်းဆီ။
နှုတ်ခမ်းနီရဲ စကာပ်ကွဲ
စိတ်ထဲမသတိ မနှင်းဆီ။
အင်္ကျီရင်ဖုံး သနပ်ခါးသုံး
ချိုပြုံးသိဂိ မြန်မာပီ
မြန်မာမလေး မနှင်းဆီ။ ။

# ဝ လုံး ကမ္ဘာ

နေမင်းကြီးကို ဝ တစ်လုံးလို့
ပထမဆုံး မှတ်လိုက်ပါ။
လပြည့်ဝန်းဆို အလှဆုံးကွဲ့
သူလည်း ဝလုံး အကျွရာ။
လူတို့နေရာ ကမ္ဘာကြီးလည်း
ဝ တစ်လုံးပဲ မဟုတ်လားဗျာ။
ဟောဒီမှာကွယ် ကြည့်ပါအုံး (ဦး) တဲ့
သား ခေါင်းလုံးလည်း ဝ လုံးပါ။
ဆက်လို့ ရှာရင် တွေ့မဆုံးမယ်
ဝ လုံးတွေက များလှစွာ
များစွာ.... များစွာ။ ။

# လက်ဆုံစားဝိုင်း

တစ်ပတ်တစ်ခါ ကုသိုလ်ပွါးဖို့
အသားငါးဟင်း မချက်ဘူးကွယ်။
ခြံထွက် ချဉ်ပေါင် ခူးကာ မရိုးအောင်
ချဉ်ရည်တစ်အိုး တည်လိုက်မယ်။
မျှင်ငါးပိကို မီးကင်ဖုတ်လို့
ကြက်သွန် ရေတ် ဆီနှင့်နယ်။
ဘူးညွန့်လေးကို ရေလုံပြုတ်ကွဲ့
ငါးပိသုပ်နဲ့ လိုက်ဖက်တယ်။
မိသားစုကုန် လက်ဆုံစားတော့
ပျော်ပျော်ပါးပါး မြိန်လှတယ်
စားမယ်.... စားကွယ်။ ။

# ဆွေမျိုးရင်းချာ

မေခမလိခ မြစ်ဆုံရာ
မနော့ပွဲနဲ့ ရှင်းသာ၊
ကျွန်တော့နာမည် 'လကွယ်ထ'
ကချင်ပြည်နယ်က။

လှိုင်ကော်မြို့က 'မစွေးမြာ'
ကယားပြည်နယ်ပါ၊
ဖားစည်သံသာ အမွေနှစ်
လောပီတာ ကိုချစ်။

သံလွင်မြစ်ကြီး စီးရစ်ခွေ
ဒေါနတောင်နဲ့ ဖွဲ့ကပင်မြေ၊
ဘားအံဒေသ စိမ်းစိုမြ
'နော်လွယ်ဖော' က ကရင်မ။

ဟားခါးမြို့က တောင်ပေါ်ဆန်
ချင်းကလေး 'ထန်ခိုလျံ'၊
လှေခါးထစ်သဏ္ဍာန် တောင်ယာခင်း
ပန်းသီးမွှေးချိုသင်း။

'မင်းရွှေလှော်' တို့ မွန်ဌာနီ
ထင်ရှား ကျိုက္ခမီ၊
မွန်ပြည်နယ်က သာတင့်မော
ဒူးရင်းမင်းကွက်ပေါ်။

ရခိုင်မောင်တော မြို့စစ်တွေ
"စံသာကျော်" တို့နေ၊
အုန်းပင်ကြီးတွေ စီရီတန်း
ပေလီ ပင်လယ်ကမ်း။

ရှမ်းပျိုဖြူလေး "နန်းခမ်းမို"
ချယ်ရီရိပ်မှာခို၊
ပင်လုံတက္ကသိုလ် ဝင့်ဝင့်ကြွား
သမိုင်း ပန်းချီကား။

ဘယ်နားနေလို့ ဘယ်မြို့ရွာ
နေရာ ဘယ်လိုကွာ၊
သွေးမျိုးရင်းချာ အရောင်မကွဲ
ညီအစ်ကို မောင်နှမပဲ။ ။

# တစ်နေ့တာ

မနက်ခင်း
အလင်းဖြာ
မေတ္တာပို့။

တစ်နေ့လုံး
အမြိုးဆင်
စာသင်လို့။

ညနေစောင်း
ခေါင်းလောင်းသံ
အိမ်ပြန်စို့။

မအိပ်ခင်
ရှင်ကြည်နူး
ရှိဦးနှိမ်
လိမ္မာဖို့။ ။

# လက်ထဲက ဓား

အဖေအမေ မြန်မာမွေး
ဖေ့သား မြန်မာ့ သွေး။
ဘိုးဘေးတွေလည်း မြန်မာပီ
ရဲရင့် အာဇာနည်
မြန်မာဟူသည် လူယဉ်ကျေး
ချစ်စိတ် အမြဲမွေး။
အနေအေးလို့ အတွေးချော်
စော်ကား ရန်ပြုသော်
ငုံ့ခံမယ်မှော် ထင်သလား
ငါတို့ လက်မှာ ဓား။ ။

# နေရောင်ခြည်နဲ့ အားမာန်သစ်

အရှေ့ဦးမှာ ရောင်နီလက်လို့
စာအံကျက်ဖို့ မောင်လေးရယ်။
လေပြည်ထဲမှာ နေခြည်ဖျန်းတော့
ပန်းလေးတွေက ကြည်နူးတယ်။
ငှက်ကလေးတွေ အတောင်ဆန့်ဖို့
နေခြည်ဝင်းဖန့် သာမှုကွယ်။
နေရောင်ခြည်ဟာ စွမ်းအင်တစ်မျိုးကွဲ့
ရောဂါပိုးလည်း သေနိုင်တယ်။
နေစွမ်းအင်ကို အသုံးချလို့
လောက အလှဆင်ရမယ်။
နေခြည်ထဲမှာ ရွှေရည်လောင်းတော့
စာသင်ကျောင်းက မျှော်ရှောမယ်။
နေရောင်ခြည်လို အားမာန်မျိုးနဲ့
စာကြိုးစားလို့ ကျောင်းတက်မယ်
တက်မယ်.... တက်မယ်။ ။

# မျက်စိမှာရေ သွားမှာဆား

မနက်တစ်ခါ ညတစ်ခါ
ဆားနဲ့ သွားတိုက်ပါ၊
သွားမနာကျဉ် အာခံတွင်း
အပူအပုပ်ကင်း။
သန့်ရှင်းအေးမြ ရေကြည်လင်
မျက်နှာသစ်စေချင်၊
ဖွဖွညင်သာ စင်အောင်ဆေး
မျက်စိရောဂါဝေး။
ရှေးလူကြီးတို့ စကားတွေ
အလကား မဟုတ်ပေ၊
မျက်စိမှာရေ သွားမှာဆား
မှတ်ဖို့ မကောင်းလား။ ။

# အိမ်နီးချင်း

သူတို့အိမ်နဲ့ ငါတို့အိမ်
လမင်းဝင်းလို့ ထိန်၊
နှစ်အိမ့် တစ်အိမ် မေတ္တာမျှ
တုံ့ပြန် နားလည်ကြ။
နိုက်ရန်ဒေါသ မြဲရှောင်ကြဉ်
မုန်းစိတ် ဘယ်မဝင်၊
အကြောင်းရှိလျှင် ချိန်မရွေး
မေးကူ လက်မနှေး။
ဆွေးနွေးတိုင်ပင် ချစ်ချစ်ခင်
နှောင်ဖွဲ့ သံယောဇဉ်၊
စည်းလုံးပျော်ရွှင် နေထိုင်ကြ
အိမ်နီးချင်း ဝိသ။ ။

# အဖိတ်နေ့

ဆန်းဒေး[၁] မန်းဒေး[၂] ဆတ်တာဒေး[၃] တဲ့
အရပ်တကာ မမေးဘဲ မင်းသိတယ်။
ဒီလိုဆိုရင် အတိတ်မမေ့အောင်
အဖိတ်နေ့ကို သိလားကွယ်။
မသိဘူးဆို လူလည်မလုပ်နဲ့
ထိပ်ပုတ် ခေါင်းခေါက် ခံရမယ်။
ဥပုသ်မတိုင်ခင် အကြိုနေ့ကို
အဖိတ်နေ့လို့ မှတ်ရမယ်။
ကိုယ့် ဘာသာကို ကိုယ်လေးစားမှ
အမျိုးသားရေးနဲ့ ညီလိမ့်မယ်။
မြန်မာ့ရပ်ရွာ ဓလေ့ထုံးကို
တစ်သက်လုံးမှတ် သိအပ်တယ်
မှတ်ကွယ်.... မှတ်ကွယ်။ ။

---

| | | |
|---|---|---|
| ၁ - ဆန်းဒေး | = | SUNDAY |
| ၂ - မန်းဒေး | = | MONDAY |
| ၃ - ဆတ်တာဒေး | = | SATURDAY |

# အတွင်းအပြင်

ခရမ်းချဉ်သီးလေး မှည့်နေပြီ
အရောင်ရဲရဲနဲ့၊
အပြင်နီသလို အတွင်းထဲ
ခွဲတော့ နီရဲရဲ။

ဖရဲသီးကြီး မှည့်ပြီဆို
အမြင်စိမ်းရောင်နဲ့၊
စိမ်းရောင်နဲ့တဲ့ အသီးထဲ
ခွဲတော့ အတွင်းရဲ။

အတွင်းအပြင် ဘယ်မတူ
ဖရဲသီးလိုလူ၊
သူ့သူငါငါ သတိထား
လူ့လောကမှာ များ။ ။

## အလိမ္မာလေး

သမီးကလေး အိမ်မှာနေ
အိမ်မှုတာဝန်ကျေ၊
အနေအထိုင် သိမ်မွေ့တော့
အလိမ္မာလေးပေါ့။

သမီးကလေး ကျောင်းမှာဆို
မျက်နှာအပြုံးချို၊
ဆရာ့အလို စာကျက်တော့
အလိမ္မာလေးပေါ့။

သမီးကလေး ဟန်မူရာ
ရပ်ထဲရွာထဲမှာ၊
ယဉ်ကျေးပျူငှာ ဖော်ရွေတော့
အလိမ္မာလေးပေါ့။ ။

# မေမေ့သား

(၁)

မေမေရယ် မေမေရယ်။
မေ့သားမောင် တောင်ပံယှက်
ငှက်ဖြစ်ချင်တယ်။

စိတ်ကူးနဲ့ ရှာစဉ်လည်
ဟိုဘက်နယ် ကမ္ဘာတစ်ခြမ်း။
မနားပေါင် လိုရာဆိုက်အောင်။
ပျံလိုက်ချင်စမ်း။

(၂)

မေမေရယ် မေမေရယ်၊
မေ့သားမောင် လှိုင်းရေကြား
ငါးဖြစ်ချင်တယ်။

စိတ်ကူးနဲ့ ရွှေညာဏ်ကျယ်
ပင်လယ်ရဲ့ ဟိုဘက်စခန်း။
ခက်မပါ လိုရာမြူးလို့
ကူးလိုက်ချင်စမ်း။

(၃)

မေမေရယ် မေမေရယ်။
စိတ်ကူးယဉ် အိပ်မက်ခရီး
ဒန်းစီးချင်တယ်။

အမေ့ရဲ့ ရင်ခွင်လယ်
ရွှေလက်ဘွယ် ဘယ်ညာယမ်း။
ပက်လက်အသာလှန်လို့
မနက်ဖြန် အားမာန်မွေးဖို့
မွေးယောင်ယောင် မျက်လွှာမှိတ်
အိပ်လိုက်ချင်စမ်း။ ။

## ဗျည်းအက္ခရာ (၁)

**က၊ ခ၊ ဂ၊ ဃ၊ င**

ကလေးငယ်က ကဟန်ပိုင်
ကကြိုး ချိုမိုင်မိုင်၊
ခလောက် သံပြိုင် ခယောင်းလမ်း
ခရာ မမှတ်တမ်း။
ဂဏန်း သင်္ချာ တတ်ချင်ရင်
ဂရုတစိုက်သင်၊
ဂဏန်း မသင် လူ့လောက
ဂယနဏ မတိကျ။
ဃရာဝါသ ကိစ္စအမှု
ဃနာ ဆွမ်းကပ်လှူ
ငလျင် လှုပ်မှု သတိချပ်
ငရဲကြီး ရှစ်ထပ်။ ။

# ဗျည်းအက္ခရာ (၂)

## စ၊ ဆ၊ ဇ၊ ဈ၊ ည

စကားပြောရာ စကားထာ
စကားပုံလည်းပါ၊
စပယ်ယာက စနေသား
စရန်ငွေပါလား။
ဆရာသမား စားဖို့ကွယ်
ဆနွင်းမကင်း ဝယ်၊
ဆရပ်အလယ် ဇယားဆွဲ
ဇဝေ ဇဝါပဲ။
ဈမျဉ်းဆွဲ ဈ အက္ခရာ
ဈာပနနဲ့ ဈေးနှုန်းပါ၊
ညနေချမ်းခါ လာမလား
ညစာ ညမှာစား။ ။

# ဗျည်းအက္ခရာ ကဗျာ (၃)

## တ၊ ထ၊ ဒ၊ ဓ၊ န

တနင်္လာနေ့မှာ တ ကယ်ပါ
တပျော်တပါးလာ
ထမင်း ဆာလို့ ထမနဲစား
ထရံ ကာမထား။
ဒရောသောပါး ပြေးနိုဝင်
ဒဟတ်တောမှာ ဒရယ်မြင်
ဓနုန်းပင်လား ဓနိလား
ဓလေ့ ထုံးစံလား။
နရားပင်နဲ့ နဘူးနွယ်
နဖူးစာ ရှာလယ်
နကျယ်ကောင်နဲ့ နကျယ်ပင်တွဲ
နဝရတ် ကျောက်မျက်ရွဲ။ ။

## ဗျည်းအက္ခရာ ကဗျာ (၄)

ပ၊ ဖ၊ ဗ၊ ဘ၊ မ

ပယောဂလား ပရိယာယ်လား
ပထမ စဉ်းစား။
ဖဝါး ခြေထပ် လိုက်ခဲ့ရာ
ဖလား ကွမ်းအစ်ပါ၊
ဗလာစာအုပ် ဗလာမဲ
ဗရုတ်သုတ်ခပဲ။
ဘယက်လည်ဆွဲ လိုချင်တယ်
ဘရိုက်ကိတ်လည်းဝယ်၊
မယောင်မလည် မဝံ့ရဲ
မချိသွားကိုဖြဲ။ ။

## ဗျည်းအက္ခရာကဗျာ (၅)

## ယ၊ ရ၊ လ၊ ဝ၊ သ

ယမနေ့သားနဲ့ ယမင်းရုပ်
ယမုန်နာဘေးမှာ လှုပ်။
ရတနာထုပ်နဲ့ ရမယ်ရှာ
ရတီ စိန်ကျောက်ပါ၊
လဟာပြင်လား လတာလား
လမိုင်းကပ်ရဲ့လား။
ဝရုန်းသုန်းကား မဖြစ်ချင်
ဝသန္တ ရှောင်ကြဉ်၊
သရက်ပင်အောက်မှာ သဘောရှိ
သတင်းစာကို ကြည့်။ ။

## ဗျည်းအက္ခရာကဗျာ (၆)

### ဟ၊ အ

ဟ အက္ခရာ ကမ္ဘည်းတင်
ဟဒယလည်း ရွှင်၊
အရွှန်းဖောက်လျှင် အရှိန်နဲ့
အရမ်း မရယ်နဲ့။
အကာ များတဲ့ အထဲမှာ
အနှစ်ရအောင် ရှာ၊
အပြစ်အဆာ ကင်းပါမှ
အစစ် အမှန် ရ။

# အင်္ဂလိပ်စာတိုးအောင်

ONE ဆိုတာ တစ် TWO က နှစ်
RIVER ဆိုတာ မြစ်။

THREE ကသုံး BALL ဘောလုံး
OFFICE ဆိုတာ ရုံး။

FOUR ဆိုတာ လေး DOG က ခွေး
BABY ဆိုတာ ကလေး။

FIVE ဆိုတာ ငါး TIGER ကျား
KNIFE ဆိုတာက ဓား။

ခြောက်မှ တစ်ဆယ် ဆက်ရေးကွယ်
အတွေးလွယ်အောင် မောင်စဉ်းစား
အတွေးလွယ်အောင် မယ်စဉ်းစား
ဉာဏ်ရည်မတိုးလား။ ။

# ကံမိုးရွာအောင်

နံရံထက်မှာ ပြူးကြောင်ကြောင်
စုတ်ထိုးတဲ့ အိမ်မြှောင်၊
အရှေ့တောင်က စုတ်ထိုးက
မိုးဘေးစိုးရိမ်ရ။
အနောက်တောင်က စုတ်ထိုးသော်
အနှောင်အဖွဲ့ပေါ်၊
အိပ်ရာအောက်နော် သင်ရှောင်ရှား
အသက်အန္တရာယ် များ။
စဉ်းစားကြည့်ပ အိမ်မြှောင်ရေ
သင်လည်း တို့အိမ်နေ၊
ကံပွင့်စေတဲ့ စုတ်သံမျိုး
အရှေ့မြောက်က ထိုးချင်ထိုး
အနောက်မြောက်က ထိုးချင်ထိုး
ဒါမှ ကံမိုး ရွာမယ်လေး။ ။

# ကျေးဇူးမေတ္တာ

ကျေးဇူး ရှိမှ ကျေးဇူးစွပ်ကြ
ကျေးဇူး သံဝေဂ။
ကျေးဇူး သိက လူလိမ္မာ
ကျေးဇူး မင်္ဂလာ၊
ကျေးဇူး မေတ္တာ ထုတ်ဖော်အပ်
ကျေးဇူး ရောင်ပြန်ဟပ်။
ကျေးဇူး ဆပ်ဖို့ မမေ့ချင်
ကျေးဇူး အောက်မေ့လျှင်၊
ကျေးဇူး ရှင်ကို လေးစားစိတ်
ကျေးဇူး ဦးချအိပ်။ ။

# ပြန်တွေ့ကြပါဦး

ချက်ပေါ်ဘောင်းဘီ ကိုယ်ကျပ်ကျပ်
ခါးတိုစပို့ရှပ်။
နိုင်ငံရပ်ခြား ဒေသတွင်
ရောက်နေသလား ထင်၊
ဖန်သားပြင်က ရုပ်ရှင်ကား
အကြည့် လွဲသလား။
ကိုးရိုးကားရား ဝတ်စားနေ
ကိုကို မမ မြန်မာတွေ၊
အမေ အမေ ဘယ်ကတုံး
ပြန်တွေ့ကြပါအုံး (ဦး)။ ။

# ပညာဘဏ်တိုက်

ကျောင်းစာအိမ်စာ ဘက်စုံဖတ်မှ
သုတ အမြတ်ရလိမ့်မယ်။
နိုင်ငံတကာ လေ့လာသိဖို့
သတင်းစာကြည့် နည်းယူဖွယ်။
နိပါတ်ပုံပြင် ဖတ်ပါများတော့
အလိမ္မာပွါး အသိကြွယ်။
ကွန်ပျူတာဉာဏ် ပညာထက်မှ
အင်တာနက်နဲ့ ဆက်လို့လွယ်။
ခေတ်နဲ့အမီ အားသွန်ကြိုးလို့
အင်္ဂါဂြိုဟ် သို့ သွားကြမယ်။
စိတ်ကူးကမ္ဘာ လိုရာဆိုက်ဖို့
ပညာဘဏ်တိုက် ဖွင့်ကြကွယ်
ဖွင့်မယ်..... ဖွင့်ကွယ်။ ။

## အလီဆိုရင်း စာကျက်မယ်

နှစ် တစ်လီ နှစ် စာကိုချစ်
အတန်းထဲမှာ အဆင့်တစ်။
နှစ် နှစ် လီ လေး မသိလျှင်မေး
စာညံ့သူကို ကူညီပေး။
နှစ် သုံးလီ ခြောက် စိတ်မကောက်
အချင်းချင်း စောင့်ရှောက်။
နှစ် လေးလီ ရှစ် ကျောင်းမလစ်
ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်။
နှစ် ငါးလီ တစ်ဆယ် ကြိုးစားကွယ်
အလီ ဆိုရင်း စာကျက်မယ်၊
သို့မှတကယ် ပန်းတိုင်ဆွတ်
အောင်ပွဲ တန်းလုံးကျွတ်။ ။

# သစ်ပင်စိုက်ကြစို့

သစ်ပင်တွေခုတ် မီးသွေးဖုတ်
တောပြုန်းတဲ့ သရုပ်။
သစ်ပင်ခုတ်လို့ တောပြုန်းလျှင်
ဆုံးရှုံး ဆေးသစ်ပင်၊
ပတ်ဝန်းကျင်မှာ ခြောက်သွေ့နွမ်း
မြေဆီလွှာလည်း ခန်း။
မစိမ်းလန်းတဲ့ တောပြောင်ပြောင်
မိုးလေဝသ ခေါင်၊
မိုးလေခေါင်တော့ အောင်ရေရှား
တောတောင် ကတုံးများ။
ရှေးကစကား မှတ်စရာ
တစ်သက် စိတ်ချမ်းသာ၊
ချိန်ခါရှိခိုက် နေရာလိုက်
ဝေဆာ သစ်ပင်စိုက်။ ။

# ဆေးလိပ်ရှောင်

ဆေးလိပ်မီးက တဖွားဖွား
မီးဘေး သတိထား။
လူကြား သူကြား သွားလေရာ
ဆေးလိပ် မွှန်အောင်ဖွာ၊
ဖွာလိုက်သမျှ ဆေးလိပ်နံ့
လူကြားထဲကို ပျံ့။
လေထုမသန့် ပတ်ဝန်းကျင်
သူငါ ရောဂါဝင်
ကိုယ့်ကြောင့် မဖြစ်ခင် ကြိုတင်တား
ရှောင်လျှင် မကောင်းလား။ ။

# ဘုန်းဘုန်းရိုက်လိမ့်မယ်

ခေတ်ရဲ့ သားမျိုး ကိုကိုတွေ
ခေတ်ရဲ့ သမီးမျိုး မမတွေ
ဘိုလိုပြောလို့ ဘိုလိုနေ၊
အိုကေ အိုကေ ရက်စ် အောရိုက်
ပြည်တွင်း ဖြစ်တဲ့ ဘိုစရိုက်။
သုစရိုက် ဆိုတာ သိလားဟင်
ဒုစရိုက် ဆိုတာ သိလားဟင်
မေးကြည့်လိုက်တော့ အင်တင်တင်၊
မဖြေနိုင်လျှင် မှတ်ထားလိုက်
ကောင်းသောအကျင့်ဟာ သုစရိုက်
မကောင်းသောအကျင့်ဟာ ဒုစရိုက်
ဘုန်းဘုန်းသိလျှင် ရိုက်မယ်လေး။ ။

## မြန်မာ့စိတ်ရင်း

ညို့သည့်မြင်က အိမ်ပေါက်ဝ
လာပါ့ ဝင်ပါ့ ဆီးကြိုမယ်။
အိမ်ရှေ့ခေါင်းရင်း ညို့ခန်းတွင်း
သင်ဖျာခင်းလို့ ထားပါတယ်။
ရေနွေးလက်ဖက် ပဲလှော်စွက်
ထန်းလျက် မြေပဲ ပါသေးတယ်။
ကိုယ့်အိမ်လိုများ သဘောထား
နားကြပါဦး စားဦးကွယ်။
မာကြောင်း သာကြောင်း ရွာအကြောင်း
သောင်းပြောင်းတွေလာ မေးကြတယ်။
ညို့ဝတ်ကျေခြင်း ဟန်ဆောင်ကင်း
မြန်မာ့စိတ်ရင်း ချစ်စဖွယ်
ချစ်ဖွယ်.... ချစ်တယ်။ ။



၂၀၀၄ ခုနှစ်၊ စာပေဗိမာန် စာမူဆု

ကလေးစာပေ တတိယဆုရ

**ရွှေပြည်နီးရဲ့တေးသံသာ**

**ကလေးကဗျာများ**

ရေးသူ - မြေလတ် မောင်မြင့်သူ

အဖ ဦးအောင်ချစ်၊ အမိ ဒေါ်အေးတို့မှ ၁၉၅၁ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် မကွေးတိုင်း၊ ဆင်ပေါင်ဝဲမြို့နယ် တာရှေပေါ်အနောက်ရွာ ကျေးရွာ၌ မွေးဖွားခဲ့သည်။

ငယ်စဉ်ကတည်းက ပင်ပန်းခက်ခဲစွာ ပညာသင်ခဲ့ရသည်။ ၁၉၇၇ ခုနှစ်တွင် လုပ်သားများကောလိပ်မှ သမိုင်းအဓိကဖြင့် ဝိဇ္ဇာဘွဲ့ရခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် အထက်တန်းရှေ့နေ စာမေးပွဲအောင်မြင်ခဲ့သည်။

၁၉၇၃ ခုနှစ်၊ ဧပြီလထုတ် ငွေတာရီမဂ္ဂဇင်းပါ "ရွှေစေတနာ" ကဗျာဖြင့် စာပေလောကသို့ ဝင်ရောက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် "မမေ့ရှင်ခွင်" ကလေးကဗျာ၊ ၁၉၈၇ ခုနှစ်တွင် "ကြက်တောင်စည်းနှင့် မမေယ်" ကလေးကဗျာစာအုပ်များ ထုတ်ဝေခဲ့သည်။

၁၉၈၇ ခုနှစ်တွင် အမျိုးသားစာပေ (ကလေးကဗျာဆု)၊ ၁၉၉၂ ခုနှစ်တွင် စာပေဗိမာန်ကဗျာပထမဆု၊ ၁၉၉၃ ခုနှစ်တွင် စာပေဗိမာန်ကဗျာ ပထမဆု၊ ၁၉၉၅ ခုနှစ်တွင် ပခုက္ကူဦးအုန်းဖေစာပေ ကဗျာပထမဆု၊ ၁၉၉၇ ခုနှစ်တွင် စာပေဗိမာန် ကဗျာတတိယဆု၊ ၁၉၉၉ ခုနှစ်တွင် ပခုက္ကူဦးအုန်းဖေစာပေ ကဗျာပထမဆု၊ ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆ ခုနှစ်တွင် မဟာဘုံ၊ ကျိုက္ကလော့ဝ်ရိယဝတ္ထုစာသင်တိုက်၊ မိုးကုတ်ဝိပဿနာရွှေဂိုဏ်းဆရာ ၏ "အနေမေတ္တာ စာပေဆု" (၄) ဆုနှင့် ရုပ်ရှင်အမြုတေမဂ္ဂဇင်း၏ "၅၂၈ မေတ္တာစာပေဆု" များအသီးသီးရရှိခဲ့ပြီးဖြစ်သည်။

အမည်ရင်း - ဦးခင်မောင်မြင့် ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် ၉၈၄၊ ဘုရင့်နောင်လမ်း၊ ၃၂ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း။